Washington State Health Care Authority

Washington State Department of Social & Health Services
Transforming lives

# Washington Apple Health
## စီမံခန့်ခွဲရေးဆိုင်ရာ ကြားနာမှု အခွင့်အရေးနှင့် နောက်ဆုံးသတ်မှတ်ရက်များ

### Washington Apple Health Administrative Hearing Rights and Deadlines

သင်၏ ဝါရှင်တန် Apple ကျန်းမာရေး အကျုံးဝင်မှုအား ငြင်းဆိုခြင်း၊ အဆုံးသတ်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းနှင့် ပတ်သက်သည့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်အပေါ် သဘောမတူပါက စီမံခန့်ခွဲရေးဆိုင်ရာ ကြားနာမှုအတွက် တောင်းဆိုခွင့်ရှိသည်။

- ကြားနာမှုအတွက် တောင်းဆိုရန် ဤကြေငြာချက်၏ထိပ်ပိုင်းရှိ ရက်စွဲမှ ရက်ပေါင်း ၉၀ အချိန်ရရှိသည်။ ရက်ပေါင်း ၉၀ အတွင်း ကြားနာမှုအတွက် တောင်းဆိုခြင်းမပြုပါက သင့်အနေဖြင့် ကြားနာမှုအခွင့်အရေးကို ဆုံးရှုံးနိုင်သည်။
- ကြားနာမှုလုပ်ငန်းစဉ်အတွင်း သင်၏အကျုံးဝင်မှုကို ဆက်လက်ထိန်းသိမ်းလိုပါက အောက်ဖော်ပြပါ **စီမံခန့်ခွဲရေးဆိုင်ရာ ကြားနာမှု လုပ်ငန်းစဉ်အတွင်း ဆက်လက်အကျုံးဝင်မှုကို** ကြည့်ပါ။
- ဝါရှင်တန် စီမံခန့်ခွဲရေးဆိုင်ရာ ကုဒ် (WAC) 182–526၊ အခန်း ၁၈၂-၅၂၆ တွင် ကြားနာမှုဆိုင်ရာ စည်းမျဉ်းများကို ပြန်လည်ဆန်းစစ် နိုင်သည်။
- ပြည်နယ် သို့မဟုတ် ဖက်ဒရယ်ဥပဒေများပြောင်းလဲမှုကြောင့် အဆိုပါနည်းလမ်းအတိုင်း (RCW 74.09.741(3)) စာရင်းသွင်းထားသူ များအားလုံး အလိုအလျောက် သက်ရောက်ခြင်းကြောင့် သင်၏ အကျုံးဝင်မှုကို ငြင်းဆိုခြင်း၊ အဆုံးသတ်ခြင်း သို့မဟုတ် ပြောင်းလဲ ခြင်းခံရပါက သင့်အနေဖြင့် ကြားနာမှုအခွင့်အရေးကို ဆုံးရှုံးနိုင်သည်။
- သင့်တွင်အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်ချက်ရှိပါက သင်သည် အမြန်ကြားနာခြင်းကိုတောင်းဆိုနိုင်ပြီး လိုအပ်ချက် အတွက် ဆေးထောက်ခံစာကို တင်ပြရမည်။ သင့်တွင် အမြန်ကြားနာခြင်းရနိုင်၊ မရနိုင် ဆုံးဖြတ်ပါမည်။ သင်သည် ဆက်လက်အာမခံအကျုံးဝင်မှုကို လက်ခံရရှိပါက အမြန်ကြားနာခြင်းကိုရမည်မဟုတ်ပါ။

သင်သည် ဝင်ငွေနည်း တစ်ယောက်ဖြစ်ပါက ညှိနှိုင်းအတိုင်ပင်ခံ ဥပဒေရေးရာ ပညာရေးအကြံပေးနှင့် လွှဲပြောင်းမှု (CLEAR) မှ သင့် အတွက် အခမဲ့ဥပဒေရေးရာ အကူအညီရရှိအောင် ကူညီပေးနိုင်သည်။ http://nwjustice.org/clear-online, တွင် လျှောက်ထားနိုင် သည် သို့မဟုတ်

- အသက် ၆၀ အောက်ဖြစ်ပါက CLEAR သို့ 1-888-201-1014 ကို ခေါ်ဆိုပါ။
- အသက် ၆၀ သို့မဟုတ် ထို့ထက်ကျော်ပါက CLEAR အရာရှိထံ 1-888-387-7111 သို့ ခေါ်ဆိုပါ။

**စီမံခန့်ခွဲရေးဆိုင်ရာ ကြားနာမှုလုပ်ငန်းစဉ်အတွင်း ဆက်လက်အကျုံးဝင်ခြင်း**

- သင်၏ ဝါရှင်တန် Apple ကျန်းမာရေးအကျုံးဝင်မှု(Washington Apple Health coverage) ကို ကျွန်ုပ်တို့မှ အဆုံးသတ်မည် သို့မဟုတ် ပြောင်းလဲမည်ဟု သင်၏ ကြေငြာချက် က ဆိုလျှင် သို့မဟုတ် ကျွန်ုပ်တို့မှ အဆုံးသတ်မည်၊ ဆိုင်းငံ့မည် သို့မဟုတ် သင်၏ယခင်ကရရှိသည့် ဝန်ဆောင်မှုများကို လျှော့ချမည်ဟု ၎င်းကဆိုလျှင် သင့်အနေဖြင့် ကြားနာမှုလုပ်ငန်းစဉ်အတွင်း သင်၏အကျုံးဝင်မှုကို ဆက်လက် ထိန်းသိမ်းနိုင်သည်။
- သင်၏အကျုံးဝင်မှုကို ထိန်းသိမ်းရန် သင့်အနေဖြင့် ဝန်ဆောင်မှု ပြီးဆုံးရန် လ၏နောက်ဆုံးသတ်မှတ်ရက် မတိုင်မီ သို့မဟုတ် သင့်အားလုပ်ဆောင်ရန်ကြေငြာချက်ကို ကျွန်ုပ်တို့ပေးပို့သည့်နေ့မှ ပြက္ခဒိန်ရက် ၁၀ ရက်အတွင်း ကြားနာမှုအတွက် တောင်းဆိုရမည်။
- ဆက်လက်အကျုံးဝင်မှု သို့မဟုတ် ဝန်ဆောင်မှုကို သင်လက်ခံရရှိပြီး သင်၏ကြားနာမှုဆုံးရှုံးလျှင် သင့်အနေဖြင့် ဆက်လက် အကျုံးဝင်မှု သို့မဟုတ် ဝန်ဆောင်မှုများအတွက် ရက်ပေါင်း ၆၀ ကို အရံအဖြစ် ပေးဆောင်ရနိုင်သည် (WAC 182-504-0130 ကြည့်ပါ)။
- သင်၏ ဝါရှင်တန် Apple ကျန်းမာရေးလျှောက်ထားမှု၏ ငြင်းဆိုချက်အတွက် စောဒကတက်ရန် ကြားနာမှု အတွက် စောင့်ဆိုင်းနေစဉ် အကျုံးဝင်မှုကို သင်မရရှိနိုင်ပါ။

**စီမံခန့်ခွဲမှုဆိုင်ရာကြားနာမှု တောင်းဆိုခြင်း**

စီမံခန့်ခွဲမှုဆိုင်ရာကြားနာမှုကို တောင်းဆိုရန် သို့မဟုတ် စကားပြန်လိုအပ်ပါက သို့မဟုတ် ကြားနာမှုတောင်းဆိုရန် အခြားအကူအညီ လိုအပ်ပါက အောက်ပါတို့မှတစ်ခုကို လုပ်ဆောင်ပါ-

- 1-877-501-2233 ဖြင့် အဖွဲ့အစည်းဝန်ဆောင်မှုများ ရုံး ဖောက်သည်ဝန်ဆောင်မှုစင်တာ (Community Services Office customer service center) သို့ဖုန်းခေါ်ပါ သို့မဟုတ် သင်၏ဒေသဆိုင်ရာ အိမ်နှင့်လူမှုအဖွဲ့အစည်းဝန်ဆောင်မှု (HCS) ရုံးသို့ ခေါ်ဆိုပါ။
- 1-855-873-0642 ဖြင့် LTC အထူးယူနစ်(LTC Specialty Unit)သို့ ဖုန်းခေါ်ပါ သို့မဟုတ် သင်၏ဒေသဆိုင်ရာ မသန်စွမ်းမှု စီမံခန့်ခွဲရေးဆိုင်ရာ ဖွံ့ဖြိုးရေး (DDA) ရုံးသို့ ခေါ်ဆိုပါ။
- စာတစ်စောင်ရေးပါ သို့မဟုတ် စီမံခန့်ခွဲမှုဆိုင်ရာ ကြားနာမှုတောင်းဆိုချက်ပုံစံ HCA 12-507 ကို ဖြည့်စွက်ပါ။ (၎င်းကို www.hca.wa.gov/apple-health-client-forms တွင် ရရှိနိုင်သည်) ပြီးလျှင်-
  - ဖက်စ်ပေးပို့ရန် 1-888-338-7410 သို့မဟုတ်
  - စာပေးပို့ရန်- CSD Customer Service Center PO Box 11699 Tacoma, WA 98411-6699

သင်သည် မည်သူ့အား ဆက်သွယ်ရမည်ကို မသိပါက ဤစာ၏ပထမစာမျက်နှာရှိ နံပါတ်ကို ဖုန်းခေါ်ဆိုပါ။ သင်၏ကိစ္စရပ်အား ကျွန်ုပ်တို့ ပြန်လည်ဆန်းစစ်မည်ဖြစ်ပြီး ကြားနာမှုမတိုင်မီ ကိစ္စရပ်ကိုဖြေရှင်းနိုင်ရန်သင့်ကိုဆက်သွယ်ရန်ကြိုးစားမည်။